






# တေးဂီတထက်ပိုသောသူ့စေတနာ

အနုပညာ တေးဂီတလောက
အဆိုတော်လောက
ပြောကြ ဟောကြ နမြောကြနဲ့
အောချနေကြတဲ့ သူ့အကြောင်း
သူကတော့ မိုက်ကယ်ဂျက်ဆင်ပါ။

လူပေါင်းထောင်သောင်းသိန်းသန်းမက
သောင်းသောင်းဖျဖျ ကြက်ပျံမကျ
လိုက်ပို့ကြတဲ့ သူ့စျပန
တောက်ပလှတဲ့ အနုပညာကြယ်တပွင့်
ကြွေလွင့်ရှာပေပြီ။

ကျော်ကြားလှတဲ့ သူ့နာမည်တလုံး
ရွှေစာလုံးလိုတန်ဖိုးရှိ
တန်ဖိုးသိကြတဲ့သူတွေက
သူ့ကိုရိုသေကြ လေးစားကြ

တဖွဖွနဲ့သူ့အကြောင်း
အကောင်းပြောကြ ချီးမွမ်းကြနဲ့
ရောင်းလိုက်ရတဲ့ သူ့သီချင်း
တမဟုတ်ချင်း ပြောင်သလင်းခါ
အပြောင်ရှင်းသွားရှာသတဲ့။

သူ့ဇာတိက အင်ဒီယားနားပြည်နယ်
မတင့်တယ်တဲ့ ဂယ်ရီမြို့ကလေး
သူ့မွေးနေ့က ၁၉၅၈ ဩဂုတ်လ ၂၉
လူမျိုးရေး ခွဲခြား လွှဲမှားတဲ့နေရပ်မှာ
ကြီးပြင်းလာရတဲ့ မိုက်ကယ်ဂျက်ဆင်ဟာ
လူမျိုးခွဲခြားရေးကို မုန်းတယ်
နှလုံးခွင်မှာ အစဉ်အေးတဲ့
ငြိမ်းချမ်းရေးကို လိုလားတယ်
ပြည်သူအများ ဆင်းရဲသားဖက်က
အမြဲရပ်တည်တယ် ခလေးငယ်ကိုသနားပြီး
လူကြီးများကိုလေးစားတယ်
လုပ်အားငွေအား ရှိသမျှအားနဲ့
မနားမနေ ကူညီစောင့်ရှောက်ပေတယ်။

**"We Are The World**
**We Are The Children**
**We Are The Ones Who Make A Brighter Day**
**So Let’s Start Giving"**

ကျွန်ုပ်တို့သည်ကမ္ဘာ။
ကျွန်ုပ်တို့သည်ခလေးငယ်ပါ။
ကျွန်ုပ်တို့သာ အနာဂါတ်အလင်း ဖန်ဆင်းသူပါ။
အများအရေး လုပ်အားပေးကြစို့။

အယူမရှိ အပေးသာသိတဲ့ သူရဲ့စိတ်ဓါတ်ဟာ
သူ့အသဲနှလုံးထဲ ပြေးကပ်နေတာမို့

ရပ်ဝေးနယ်ခြား လူအစားစားကို
အသားရောင် မခွဲခြားဘဲ
ဖွဲ့အားနဲ့ လက်မနှေး အကူညီပေးခဲ့တယ်။

ပေါ့ပ်တေးဂီတ အရှင်သခင်
တေးဘုရင် မိုက်ကယ်ဂျက်ဆင်ဟာ
တေးဂီတတွင်သာ နာမည်ကြီးသည်မဟုတ်
သူရဲ့လုပ်ဆောင်ချက် နဲ့
သူ့ရဲ့ထက်မြက်တဲ့စေတနာတွေဟာလဲ
သွေ့ကွာမလွဲ ရှည်ကြာမြဲစေခဲ့တယ်။

လူထုသည် မိုက်ကယ်ဂျက်ဆင်အတွက်
မဟုတ်ပေမယ့်
မိုက်ကယ်ဂျက်ဆင်သည်
လူထုအတွက် ပေါ်ထွက်လာခဲ့တယ်။

အသက်၅၀ကျော်သာ နေရပေမဲ့
သူရဲ့ နာမည်ဂုဏ်သတင်းကတော့
နှစ်ငါးရာအတွင်း ပျောက်ကင်းသွားမည်မဟုတ်ပါ။

အသားမဲ အသဲဖြူသူတွေ
ဤဇမ္ဗူမြေမှာ ရှိနေပါသေးလားဆိုတာ
ပမာသာဓက အဖြစ်နဲ့
ကဏ္ဍအသစ် ဖွင့်လိုက်သူဟာ
မိုကယ်ဂျက်ဆင်ပါပဲခင်ဗျား။

ကိုကိုအောင်(ဆန်ဖရန်စစ္စကို)
ဇူလိုင် ၇ ၂၀၀၉